# အခန်း(၁)

# နိဒါန်းနှင့်ဒေသသမိုင်း

## နိဒါန်း

၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ ဌာနတစ်ခုဖြစ်ပြီး တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာ အေးချမ်း သာယာရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေး ဟူသော ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် ဆောင်ရွက် လျှက်ရှိပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ကြသည့် အဆင့်ဆင့်သောအရာထမ်း၊ အမှုထမ်းများသည် ရုံးချုပ်အဆင့်မှ အောက်ခြေ ရပ်ကွက်/ ကျေးရွာအုပ်စုအဆင့် အထိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအသီးသီးတွင် တာဝန်ထမ်းဆောင်ကြရပြီး နိုင်ငံတော်အုပ်ချုပ်ရေး ယန္တယားချောမွေ့စွာ လည်ပတ်ရေးတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ၊ အခြားဝန်ကြီးဌာနမှပေးအပ်သော တာဝန်များနှင့် ဒေသဆိုင်ရာအစိုးရ အဖွဲ့များမှပေးအပ်သော လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြရသည်ဖြစ်ရာ ဒေသဆိုင်ရာအချက်အလက်များ ပြုစုထားရှိခြင်းသည်များစွာ အရေးပါလာပါသည်။ ဒေသဆိုင်ရာအချက်အလက်များ ပြုစုခြင်းဖြင့် မိမိတို့၏လုပ်ငန်း ဆောင်ရွက်ရာတွင် အထောက်အကူပြုသကဲ့သို့ အကြီးအကဲများ နယ်မြေသို့ ကွင်းဆင်းရာတွင် နယ်မြေ၏ အချက်အလက်များကို လွယ်ကူစွာ သိရှိနိုင်မည်ဖြစ်ပါသည်။ ဤစာအုပ်သည် ချီဖွေမြို့နယ်၏ ဒေသဆိုင်ရာအချက်အလက်များ(**၂၀၁၇ခုနှစ်၊ ဇန်နဝါရီလကုန်အထိ**)ကို သက်ဆိုင်ရာဌာန အသီးသီးမှပေးပို့သော ကိန်းဂဏန်းများနှင့်အညီ ပြုစုတင်ပြထားခြင်း ဖြစ်ပါသည်။

**ဒေသသမိုင်းအကျဉ်း**

၂။ ချီဖွေမြို့နယ်သည် ရှေးယခင်ကတည်းမှစ၍ ယခု ချီဖွေ-ဆော့လော် မြို့နယ်အတွင်းကျရောက်သော ဒေသတွင်းရှိ မေခမြစ်ရိုးတစ်လျှောက်(လောင်ဗြိတ်ခေါင်)၊ဝေါချန်းခချောင်းရိုးတစ်လျှောက် (ချန်းမောခုံး)၊ တမူးချောင်းရိုး (တမူးခေါင်)၊ ချီဖွေချောင်းရိုး (ရှဖွယ်ခေါင်)၊ ခိုင်ရှန်ချောင်းရိုး (ခိုင်ရှန်ခေါင်)ဒေသတို့တွင် လာချိဒ်၊ လော်ဝေါ်၊ လီဆူ၊ ဇိုင်ဝါးတိုင်းရင်းသား လူမျိုးများ၊ကျေးရွာများ တည်ထောင်နေထိုင်ခဲ့ကြကြောင်း ရှေးလူကြီးများ၏ သမိုင်းအဆိုအရလည်းကောင်း၊ မှတ်တမ်းတင် စာအုပ်များမှလည်းကောင်း သိရှိရပါသည်။ချီဖွေမြို့တွင် ၁၉၀၀ပြည့်နှစ်မတိုင်မီကလူနေထိုင်ခြင်း မရှိခဲ့ကြဘဲ အနီးပတ်ဝန်းကျင် ဆွေမျိုးအုပ်စုအသိုက်အဝန်းဖွဲ့၍ မုန်းဇုတ် (ဒူဝါ)နယ်စားများက တစ်ဦးလျှင်(၅)ရွာမှ (၁၅)ရွာအထိ အုပ်စုဖွဲ့ အုပ်ချုပ်နေထိုင်ခဲ့ကြပါသည်။

၁၉၁၀ခုနှစ်တွင် မစ္စတာဟိုက်ခေါင်းဆောင်သော ဗြိတိသျှနယ်ချဲ့များသည် မေခမြစ်အရှေ့ မြောက်ဘက်ခြမ်းသို့ ဝင်ရောက်လာပြီး အုပ်ချုပ်ရေးစနစ်ကို ထူထောင်ရန် ကြိုးပမ်းခဲ့သည်။ ၁၉၁၂ခုနှစ်တွင် ယခုချီဖွေမြို့၏ အရှေ့မြောက်ဘက် (၄၀)မိုင်ခန့် အကွာတွင် တည်ရှိသော ထော့ဂေါ့ကျေးရွာကို ခံတပ်မြို့အဖြစ်တည်ဆောက်ကာ အင်္ဂလိပ် တောင်တန်း ဝန်ထောက်ရုံးစိုက်၍ ချီဖွေ-ဆော့လော်မြို့နယ် ဒေသတစ်ခုလုံးကို တောင်တန်းဒေသ အုပ်ချုပ်ရေး နယ်မြေအဖြစ် အုပ်ချုပ်ခဲ့သည်။

အင်္ဂလိပ်အစိုးရသည်ဒေသသို့ရောက်လာသောအခါ လမ်းခရီး များ၌ ဝန်တင်လားများဖြင့် သွားလာကြသဖြင့် (၁၀)မိုင်၊ (၁၅)မိုင် လျှင် ဗိုလ်တဲတစ်လုံးစီ ဆောက်လုပ်အသုံးပြုခဲ့ရာ ယခု ဆောက်လုပ်ရေးရုံးတွင်လည်း ဗိုလ်တဲတစ်ခု ဆောက်လုပ်ခဲ့သည်။

၎င်းဗိုလ်တဲရှိ ဝန်ထမ်းများသည် ၁၉၂၂ခုနှစ်၊ ယခုကန်ပိုင်ယံရပ်ကွက်တွင် စာသင်ကျောင်းဆောက်လုပ်ပြီး စာသင်ကြားခဲ့ရာ ၁၉၂၄ခုနှစ်တွင် အစိုးရ အသိမှတ်ပြုကျောင်း ဖြစ်လာသည်။ ၎င်းကျောင်းနှင့်ဗိုလ်တဲကို အထောက်အကူပြု ကြည့်ရှုစောင့်ရှောက်ရန် မုန်းဇုတ်(ဒူဝါ)တစ်ဦးပိုင်နယ်မှ တစ်အိမ်ထောင်ကျစီ ယခုချီဖွေမြို့ ဖြစ်လာမည့် နေရာသို့ လာရောက်နေထိုင်ကြရန် ၁၉၂၄ခုနှစ်တွင် အင်္ဂလိပ်အစိုးရမှ အမိန့်ချမှတ်ခဲ့၍ (၄)အိမ်ထောင် စုစည်းမိခဲ့သည်မှ စတင်ကာ ချီဖွေမြို့တွင် လူနေ ထိုင်ခြင်း အစပြုခဲ့ပါ သည်။

ချီဖွေဆိုသောအမိပ္ပါယ်သည် ယခင်က ချီဖွေချောင်းဆုံတွင် ငါး ပေါများခဲ့ပြီး ၎င်းငါးများကို အမှုန့်ကြိတ်၍ နယ်အသီးသီးသို့ ဖြန့်ဝေ ခဲ့ကြ ပါသည်။ ငါးမုန့်ကို ဒေသဘာသာစကားဖြင့် ရှဖွယ်ဟု အဓိပ္ပါယ် ရပါသည်။ ထိုမှတဆင့် ကာလရွေ့လျားပြီး ရှဖွယ်မှချီဖွေ ဖြစ်လာခဲ့ရ ခြင်း ဖြစ်ပါသည်။

အင်္ဂလိပ်အစိုးရသည် ထော့ဂေါ့တွင် ရုံးစိုက်အုပ်ချုပ်စဉ် ၁၉၂၈ခုနှစ်၊ ဒီဇင်ဘာလ၌ မြေငလျင် အကြီးအကျယ်လှုပ်ပြီး ရုံးအဆောက်အဦးများ ပြိုကျသဖြင့် တောင်တန်းဝန်ထောက်ရုံးကို ယခုချီဖွေမြို့မှ (၉)မိုင်ခန့်အကွာတွင် တည်ရှိသော လောခေါင်သို့ ၁၉၃၀ခုနှစ်တွင် ပြောင်းရွှေ့ရုံးစိုက်ခဲ့သည်။ ၁၉၄၂ခုနှစ်အထိ နှစ်ပေါင်း(၃၇)နှစ်တိုင် အုပ်ချုပ်ခဲ့သော နယ်ချဲ့ အင်္ဂလိပ် အရာရှိ ဝန်ထောက်များမှာ မစ္စတာဟိုက်၊ မစ္စတာကလပ်၊ မစ္စတာဒိတ်၊ မစ္စတာအမ်းပယွမ်း၊ မစ္စတာဖီရှား၊ မစ္စတာမလွဲတို့ဖြစ်ပါသည်။၁၉၄၂ခုနှစ်တွင် ဒုတိယကမ္ဘာစစ် ဖြစ်လာသောအခါ ဗြိတိသျှ တို့သည် ဤနယ်မြေမှဆုတ်ခွာသွားကြပြီး တရုတ်ဖြူများ ဝင်ရောက် ကြီးစိုးခဲ့ကြသည်။ ၁၉၄၃ခုနှစ်တွင် ဂျပန်စစ်တပ်သည် ဆနီခူးမှ ဝင်ရောက်လာပြီး ချီဖွေ၊ လောခေါင်၊ ထော့ဂေါ့၊ ဖီမောအထိ သိမ်းပိုက်ခဲ့သည်။ ၁၉၄၄ခုနှစ်တွင် မဟာမိတ်အမေရိကန် ရိန်းဂျားတပ်များ တိုက်ခိုက်ခဲ့သဖြင့် ဂျပန်တပ်များ ဆုတ်ခွာခဲ့သည်။

၁၉၄၄ခုနှစ်မှ ၁၉၄၇ခုနှစ် အထိ မဟာမိတ်တပ်များမှ ပါလာသော တောင်တန်းဝန်ထောက်များမှ နယ်မြေကို ပြန်လည် အုပ်ချုပ်ခဲ့သည်။

၁၉၄၈ခုနှစ်၊ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ၁၉၆၀ ပြည့်နှစ် အထိ တောင်တန်းဝန်ထောက်ရုံးကို လောခေါင်၌ပင် ဆက်လက်ထားရှိပြီး ဦးဇော်ဂျမ်း၊ ဦးကွန်ဂျဲတောင်၊ ဦးဂေါ့လပုဂမ်ဖန်၊ ဦးဝဘော်ဇော်နော်၊ ဦးကွန်ဂျာလ၊ ဦးတန်ဘော်လ်မတို့ ဝန်ထောက် အဖြစ် တာဝန်ထမ်းဆောင် ခဲ့ပါသည်။

၁၉၆၀ခုနှစ်တွင် နယ်ခြားအုပ်ချုပ်ရေး စတင်ခဲ့ရာ ဆော့လော် မြို့နယ်အပါအဝင် ချီဖွေချောင်း မြောက်ဘက်တစ်ခုလုံးအား လောခေါင် နယ်ခြား အုပ်ချုပ်ရေးအဖြစ် သတ်မှတ်ခဲ့သည်။ ထိုအခါ ချီဖွေချောင်း၏ တောင်ဘက်ပိုင်းရှိ ချီဖွေ၊တမူး၊ တံငါ၊ မေခမြစ် အနောက်ဘက်ကမ်းဒေသ နယ်မြေတို့သည် ပြည်နယ်အစိုးရ အုပ်ချုပ်ရေးရုံး တစ်ခုဖြစ်သောတောင်တန်း ဝန်ထောက်ရုံးကို လောခေါင်မှ ချီဖွေသို့ ၁၉၆၁ခုနှစ်၌ ရွှေ့ပြောင်းရုံးစိုက်ခြင်းဖြင့် ချီဖွေသည်မြို့နယ် ရုံးစိုက်ရာမြို့အဖြစ် တည်ရှိလာခဲ့သည်။ ၁၉၆၁ခုနှစ်နှင့် ၁၉၆၂ခုနှစ်အထိ တောင်တန်းဒေသ ဝန်ထောက်တာဝန်ထမ်းဆောင်ခဲ့သူမှာ ဦးဝ ဖြစ်ပါသည်။

၎င်းနောက် တော်လှန်ရေးအစိုးရ တက်လာပြီး ၁၉၇၂ခုနှစ်၊ ဩဂုတ်လအထိ နယ်ပိုင်ဝန်ထောက်မှအုပ်ချုပ်ရေး ယန္တရားကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက်ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန၏ (၄-၈-၁၉၇၂) ရက်စွဲပါစာအမှတ်၊ ၁၀၃/ ၅၃/စိတ် (၁) ဖြင့်လည်းကောင်း၊ ကျေးရွာအုပ်စု၊ ကျေးရွာများကို ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ (၃၀-၃-၁၉၇၃)ရက်စွဲပါစာအမှတ်၊ ၃/၂၀၃ /အထ(၂)ဖြင့်လည်းကောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းခဲ့ပါသည်။

**အခန်း(၂)**

# ပထဝီဝင် အနေအထား

## တည်နေရာအကျယ်အဝန်း

၃။ ချီဖွေမြို့နယ်သည် မြန်မာနိုင်ငံ၏ မြောက်ဖက်ပိုင်းတွင် တည်ရှိပြီး ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်တွင်ပါရှိပါသည်။ ချီဖွေ မြို့နယ်သည် မြောက်လတ္တီတွဒ် (၂၅)ဒီဂရီ(၂၅)မိနစ်မှ (၂၆)ဒီဂရီ (၃၅)မိနစ်အထိ အရှေ့လောင်ဂျီတွဒ် (၉၇)ဒီဂရီ(၅၅)မိနစ်မှ (၉၈)ဒီဂရီ (၄၅)မိနစ်အထိ တည်ရှိပါသည်။ မြို့နယ်အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း(၁၃၂၄.၀၉)မိုင်ရှိပြီး၊ ဧရိယာဧကအားဖြင့်(၈၄၇၄၂၀)ဧကရှိကာ မြို့များအကျယ်အဝန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | မြို့နယ် /မြို့ | စတုရန်းမိုင် | မြို့အကျယ် အဝန်း | ဧက |
|---|---|---|---|---|
| ၁ | ချီဖွေ | ၈၉၂.၀၉ | ချီဖွေ | ၅၄.၀၀ |
| ၂ | ပန်ဝါ | ၄၃၂ | ပန်ဝါ | ၃၆၉.၆၇ |
| **မြို့နယ်ချုပ်** | | **၁၃၂၄.၀၉** | **မြို့နယ်ချုပ်** | **၄၂၃.၆၇** |

## နယ်နမိတ်

၄။ ချီဖွေမြို့နယ်သည် အရှေ့ဘက်တွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အနောက်ဘက်တွင် အင်ဂျန်းယန်မြို့နယ် တောင်ဘက်တွင် ဝိုင်းမော်မြို့နယ်နှင့် မြောက်ဘက်တွင် ဆော့လော်မြို့နယ်တို့ တည်ရှိပါသည်။

## မြေမျက်နှာသွင်ပြင်

၅။ ချီဖွေမြို့နယ်သည် တောင်ကုန်း၊ တောင်တန်း၊ လျှိုမြောင် ချိုင့်ဝှမ်း၊ မြစ်ချောင်းများပေါများ၍ မြေပြန့်အနည်းငယ်သာရှိသော ဒေသဖြစ်ပါသည်။ မြေဆီလွှာထူထပ်ခြင်းမရှိ၊ အောက်ခံမြေလွှာမှာ ကျောက်စရစ်လွှာ၊ မီးသင့်ကျောက်နှင့် သက်ရင့်အသွင်ပြောင်းကျောက်များဖြစ်ပါသည်။ မေခမြစ်သည် မြို့နယ်၏ အနောက်ဘက်ခြမ်းတွင် ချီဖွေမြို့နံဘေးမှဖြတ်၍မြောက်မှတောင်သို့ စီးဆင်းလျက်ရှိပြီး ငေါ်ချန်းခ၊ တမူးချောင်း၊ ချီဖွေချောင်းနှင့် တံငါချောင်းတို့သည် အရှေ့မှ အနောက်သို့ မေခမြစ်အတွင်း စီးဝင်လျက်ရှိပါသည်။

## ရေဆင်း

၆။ ချီဖွေမြို့နယ်သည် မြစ်ချောင်းများ ပေါများသည့် ဒေသတစ်ခုဖြစ်ပါသည်။ ထင်ရှားသောမြစ်မှာ မေခမြစ်ဖြစ်ပြီး ချီဖွေမြို့အနောက်ဘက်တွင် မြောက်မှတောင်သို့ စီးဆင်းနေပါသည်။ ချီဖွေချောင်းသည် ချီဖွေမြို့တွင်းတွင် အရှေ့ဘက်မှ အနောက်ဘက်သို့ ဖြတ်သန်းစီးဆင်းလျက်မေခမြစ်ထဲသို့ စီးဝင်ပါသည်။

## ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်

၇။ ချီဖွေမြို့နယ်သည်ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှအမြင့် ပေ (၉၇၂)ပေ ရှိပါသည်။ အမြင့်ဆုံးနေရာမှာ ပန်ဝါမြို့ဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ(၇၀၀၀)ကျော်ခန့် ဖြစ်ပြီး အနိမ့်ဆုံးအရပ်မှာ နန်းဦးကျေးရွာဖြစ်၍ ပင်လယ်ရေမျက်နှာပြင်အထက်(၉၃၆)ပေခန့် ဖြစ်ပါသည်။

# အခန်း(၃)

## ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်

### ရာသီဥတု

၈။ ချီဖွေမြို့နယ်၏ နှစ်အလိုက်ဖြစ်ပေါ်ခဲ့သော မိုးရေချိန်နှင့် အပူချိန်မှာ အောက်ဖော် ပြပါအတိုင်း ဖြစ်ပါသည်-

(က) ချီဖွေမြို့နယ်

| စဉ် | ခုနှစ် | မိုးရေချိန် | | အပူချိန် | |
|---|---|---|---|---|---|
| | | မိုးရွာရက် | စုစုပေါင်း မိုးရေချိန် လက်မ | နွေရာသီ (˚C) အမြင့်ဆုံး | ဆောင်းရာသီ (˚C) အနိမ့်ဆုံး |
| ၁ | ၂၀၁၂ | ၉၆ | ၁၂၄.၇၄″ | ၃၆ ˚C | ၈ ˚C |
| ၂ | ၂၀၁၃ | ၁၀၇ | ၉၇.၂၉″ | ၃၈ ˚C | ၆ ˚C |
| ၃ | ၂၀၁၄ | ၇၇ | ၇၄.၃၈″ | ၃၈ ˚C | ၈˚C |
| ၄ | ၂၀၁၅ | ၁၁၂ | ၇၉.၈၃″ | ၃၆˚C | ၈˚C |
| ၅ | ၂၀၁၆ | ၁၀၃ | ၇၈.၇″ | ၃၈ ˚C | ၄˚C |

(ခ) ပန်ဝါမြို့

| စဉ် | ခုနှစ် | မိုးရေချိန် | | အပူချိန် | |
|---|---|---|---|---|---|
| | | မိုးရွာရက် | စုစုပေါင်း မိုးရေချိန် လက်မ | နွေရာသီ (˚C) အမြင့်ဆုံး | ဆောင်းရာသီ (˚C) အနိမ့်ဆုံး |
| ၁ | ၂၀၁၂ | ၈၂ | ၈၇.၁၁ | ၃၆ | -၀ |
| ၂ | ၂၀၁၃ | ၈၅ | ၈၄.၂၂ | ၄၀ | - ၀ |
| ၃ | ၂၀၁၄ | ၈၃ | ၈၀.၂၂ | ၄၀ | - ၀ |

| စဉ် | ခုနှစ် | မိုးရေချိန် | | အပူချိန် | |
|---|---|---|---|---|---|
| | | မိုးရွာရက် | စုစုပေါင်း မိုးရေချိန် လက်မ | နွေရာသီ (˚C) အမြင့်ဆုံး | ဆောင်းရာသီ (˚C) အနိမ့်ဆုံး |
| ၄ | ၂၀၁၅ | ၈၅ | ၈၁.၁၄ | ၄၁ | -၁ |
| ၅ | ၂၀၁၆ | (၈၅) ရက် | ၈၁.၁၄ | ၄၁ | -၀ |

## သဘာဝပေါက်ပင်များ

၉။ ချီဖွေမြို့နယ်အတွင်း ပေါက်ရောက်သည့် သဘာဝပေါက်ပင်များမှာ စကားဝါ၊ ယမနေ၊ အင်ကြင်း၊ ရှပ်(ခေါ်)တရုတ် ခေါင်းပင်၊ တောင်ပိုးဇာ၊ တောင်တမာ၊ ထင်းရှူး၊ ကံ့ကော်၊ ဇီးပင် စသည့် အပင်များနှင့် အခြားသစ်ဝါးပင်များလည်း ထူထပ်စွာ ပေါက်ရောက်ပါသည်။

## တောရိုင်းတိရစ္ဆာန်များ

၁၀။ ချီဖွေမြို့နယ်တွင် မြင်တွေ့ရှိရသော တောရိုင်း တိရစ္ဆာန် များမှာ ဂျီ၊ တောဝက်၊ မျောက်မျိုးစုံ၊ တောင်ဆိတ်၊ ဝက်ဝံ၊ ပြောင်၊ ကျား၊ မြွေအမျိုးမျိုး၊ စသည်တို့ ဖြစ်ပါသည်။

## သဘာဝပတ်ဝန်းကျင်လက်ရှိအခြေအနေ

၁၁။ ချီဖွေမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်အနေဖြင့် မေခမြစ်၊ ချီဖွေချောင်း၊ တမူးချောင်းတို့မှာ ပျက်စီးမှုမရှိသေးပဲ တောတောင်များမှာ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ တရားမဝင် သစ်ထုတ်လုပ်ခြင်းတို့ကြောင့် အနည်းငယ်ပျက်စီးလျက်ရှိပါသည်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ**

၁၂။ မြစ်ချောင်းများအတွင်း တရားမဝင်ရွှေကျင်မှုများမရှိစေရေး၊ တောတောင်များတွင် ရွှေ့ပြောင်းတောင်ယာများ ခုတ်ထွင်မှု မရှိစေရေး၊ တရားမဝင် သစ်ထုတ်လုပ်မှုများ မရှိစေရေးတို့အတွက် ပညာပေးလုပ်ငန်းများ၊ ဥပဒေအရ အရေးယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

**သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေ**

၁၃။ ချီဖွေမြို့နယ်နှင့် ပန်ဝါမြို့အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ပြိုခြင်း၊ လမ်းမြေပိတ်ဆို့ခြင်း၊ တောင်ယာများတွင် ကြွက်များ ကျရောက်ခြင်းများ ဖြစ်ပေါ်နိုင်ခြေရှိပါသည်။ ပန်ဝါမြို့တွင် မုန်တိုင်းဘေး တစ်ခါကျရောက်ခဲ့ပြီး ဆုံးရှုံးမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အမျိုးအစား | ဖြစ်ပွားကြိမ် | သေ/ပျောက် ဦးရေ | အဆောက်အဦးပျက်စီးမှု | ဆုံးရှုံးမှုတန်ဖိုး (ကျပ်/သန်း) |
|---|---|---|---|---|---|
| ၁ | မုန်တိုင်းဘေး | (၁)ကြိမ် | - | ထွေ/အုပ် အရံဆောင် | ၁.၂၇၀ |

**အခန်း(၄)**

**လူဦးရေဆိုင်ရာအချက်အလက်များ**

## နေထိုင်သည့်တိုင်းရင်းသားလူမျိုးစုများ

၁၄။ ချီဖွေမြို့နယ်တွင် နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | လူမျိုး | ချီဖွေ | ပန်ဝါ | မြို့နယ်ချုပ် | မြို့နယ်လူဦးရေ၏ ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | ကချင် | ၁၉၅၂၆ | ၁၀၁၉ | ၂၀၅၄၅ | ၉၈.၃၈% |
| ၂ | ကယား | - | - | - | - |
| ၃ | ကရင် | ၃ | ၄ | ၇ | ၀.၀၃% |
| ၄ | ချင်း | ၉ | ၅ | ၁၄ | ၀.၀၇% |
| ၅ | မွန် | - | - | - | - |
| ၆ | ဗမာ | ၂၀၂ | ၇၅ | ၂၇၇ | ၁.၃၃% |
| ၇ | ရခိုင် | ၃ | - | ၃ | ၀.၀၁% |
| ၈ | ရှမ်း | ၁၇ | ၁၈ | ၃၅ | ၀.၁၇% |
| | စုစုပေါင်း | ၁၉၇၆၀ | ၁၁၂၁ | ၂၀၈၈၁ | ၁၀၀% |

## အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ

၁၅။ ချီဖွေမြို့နယ်၏ ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလကုန်အထိ လူဦးရေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **အိမ်ခြေ၊ အိမ်ထောင်စု**

| မြို့နယ်/မြို့ | အကြောင်းအရာ | အိမ်ခြေ | အိမ်ထောင်စု | ရပ်ကွက် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|---|---|---|
| **ချီဖွေ** | မြို့ပေါ် | ၃၀၁ | ၃၀၇ | ၄ | - | - |
| | ကျေးလက် | ၂၉၆၃ | ၂၇၇၄ | - | ၄၂ | ၁၁၈ |
| | **စုစုပေါင်း** | **၃၂၆၄** | **၃၀၈၁** | **၄** | **၄၂** | **၁၁၈** |
| **ပန်ဝါ** | မြို့ပေါ် | ၁၇၉ | ၁၉၃ | ၃ | - | - |
| **မြို့နယ်ချုပ်** | မြို့ပေါ် | ၄၈၀ | ၅၀၀ | ၇ | - | - |
| | ကျေးလက် | ၂၉၆၃ | ၂၇၇၄ | - | ၄၂ | ၁၁၈ |
| | **စုစုပေါင်း** | **၃၄၄၃** | **၃၂၇၄** | **၇** | **၄၂** | **၁၁၈** |

## အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ

(ခ )    **လူဦးရေ**

| မြို့နယ်/မြို့ | အကြောင်းအရာ | (၁၈)နှစ်အထက် | | | (၁၈)နှစ်အောက် | |
|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ |
| **ချီဖွေ** | မြို့ပေါ် | ၅၁၂ | ၅၄၄ | ၁၀၅၆ | ၃၂၇ | ၃၄၆ |
| | ကျေးလက် | ၄၇၄၈ | ၄၆၈၂ | ၄၉၃၀ | ၄၂၆၆ | ၄၃၃၅ |
| | **စုစုပေါင်း** | **၅၂၆၀** | **၅၂၂၆** | **၅၉၈၆** | **၄၅၉၃** | **၄၆၈၁** |
| **ပန်ဝါ** | မြို့ပေါ် | ၂၉၂ | ၃၁၆ | ၆၀၈ | ၂၆၈ | ၂၄၅ |
| **မြို့နယ်ချုပ်** | မြို့ပေါ် | ၈၀၄ | ၈၆၀ | ၁၆၆၄ | ၅၉၅ | ၅၉၁ |
| | ကျေးလက် | ၄၇၄၈ | ၄၆၈၂ | ၄၉၃၀ | ၄၂၆၆ | ၄၃၃၅ |
| | **စုစုပေါင်း** | **၅၅၅၂** | **၅၅၄၂** | **၁၁၀၉၄** | **၄၈၆၁** | **၄၉၂၆** |

**လူဦးရေတိုးနှုန်းနှင့် ကျားမအချိုး**

၁၆။ ချီဖွေမြို့နယ်၏ ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလကုန်နှင့် ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလကုန်အထိ လူဦးရေတိုးနှုန်းနှင့် ကျား/မအချိုးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က)    **လူဦးရေတိုးနှုန်းနှင့်ကျား၊ မအချိုး**

| **စဉ်** | **အကြောင်းအရာ** | **ယခင်နှစ်လူဦးရေ** | **ယခုနှစ်လူဦးရေ** | **တိုးလာဦးရေ** | **တိုးနှုန်း** | **ကျား/မအချိုး** | | |
|---|---|---|---|---|---|---|---|---|
| | | | | | | **ကျား** | **မ** | **အချိုး** |
| ၁ | ချီဖွေ | ၁၈၁၉၀ | ၁၉၇၆၀ | ၁၅၇၀ | ၀.၀၈ | ၆၁၃ | ၉၅၇ | ၁:၁.၅ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၂ | ပန်ဝါ | ၁၁၁၆ | ၁၁၂၁ | ၅ | ၀.၀၀၄ | ၄ | ၁ | ၁:၄ |
| မြို့နယ်ချုပ် | | ၁၉၃၀၆ | ၂၀၈၈၁ | ၁၅၇၅ | ၀.၀၈၄ | ၆၁၇ | ၉၅၈ | ၁:၁.၅ |

(ခ) **မွေးဖွား/သေဆုံးလူဦးရေ**

| စဉ် | မြို့နယ်/မြို့ | မူလလူဦးရေ | မွေးဖွားလူဦးရေ | သေဆုံးဦးရေ | ပြောင်းဝင်ဦးရေ |
|---|---|---|---|---|---|
| ၁ | ချီဖွေ | ၁၈၁၉၀ | ၁၂၁ | ၅၀ | ၂၃၄၉ |
| ၂ | ပန်ဝါ | ၁၁၁၆ | ၇ | ၁ | - |
| **မြို့နယ်ချုပ်** | | **၁၉၃၀၆** | **၂၁၉** | **၅၁** | **၂၃၄၉** |

## ကိုးကွယ်သည့်ဘာသာ

၁၇။ ချီဖွေမြို့နယ်တွင် နေထိုင်ကြသူများ၏ ကိုးကွယ်သည့် ဘာသာအလိုက် လူဦးရေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | မြို့နယ်/မြို့ | ဗုဒ္ဓဘာသာ | ခရစ်ယာန် | ဟိန္ဒူဘာသာ | အစ္စလာမ်ဘာသာ | နတ် | အခြား | ပေါင်း |
|---|---|---|---|---|---|---|---|---|
| ၁ | ချီဖွေ | ၁၇၃ | ၁၉၅၈၇ | - | - | - | - | ၁၉၇၆၀ |
| ၂ | ပန်ဝါ | ၉၄ | ၁၀၂၇ | - | - | - | - | ၁၁၂၁ |
| **မြို့နယ်ချုပ်** | | **၂၆၇** | **၂၀၆၁၄** | - | - | - | - | **၂၀၈၈၁** |

## နိုင်ငံခြားသားများနေထိုင်မှု

၁၈။ ချီဖွေမြို့နယ်အတွင်း နိုင်ငံခြားသားများနေထိုင်မှုမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

| စဉ် | နိုင်ငံခြားလူမျိုး | ချီဖွေ | န်ဝါ | နေထိုင်သူဦးရေ | မြို့နယ်ဦးရေ | မြို့နယ်ဦးရေ၏ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| ၁ | တရုတ် | - | - | - | - | - |
| ၂ | အိန္ဒိယ | - | - | - | - | - |
| ၃ | ပါကစ္စတန် | - | - | - | - | - |
| ၄ | ဘင်္ဂလားဒေ့ရှ် | | - | - | - | - |

| | | | | | | |
|---|---|---|---|---|---|---|
| | | - | | | | |
| | မြို့နယ်ချုပ် | - | - | - | - | - |

# အခန်း(၅)

# အုပ်ချုပ်ရေးဆိုင်ရာအချက်အလက်များ

## အုပ်ချုပ်ရေးနယ်မြေဖွဲ့စည်းမှု

၁၉။ ချီဖွေမြို့နယ်၏ အုပ်ချုပ်ရေးနယ်မြေဖွဲ့စည်းမှု အောက်ပါ အတိုင်း ဖြစ်ပါသည်-

| စဉ် | မြို့နယ် | မြို့ | ရပ်ကွက် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|---|---|
| ၁ | ၁ | ၂ | ၇ | ၄၂ | ၁၁၈ |

## ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ

၂၀။ ချီဖွေမြို့နယ်၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

(က) **မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များစာရင်း**

| စဉ် | အမည် | အလုပ်အကိုင် | တာဝန် |
|---|---|---|---|
| ၁ | ဦးလောင်လမ်ခေါင်လွမ်း | မြို့မိမြို့ဖ | ဥက္ကဋ္ဌ |
| ၂ | ဦးဆောင်ဘောမ် | ။ | အဖွဲ့ဝင် |
| ၃ | ဦးစိန်မင်း | ။ | ။ |
| ၄ | ဦးမဒိန်ယိန်းဆောင် | ။ | ။ |
| ၅ | ဒေါ်ခေါင်စိုင်း | ။ | ။ |
| ၆ | ဒေါ်ယိန်းမျော် | ။ | ။ |
| ၇ | ဦးစိုးစိုးဝင်း | လဝက | အဖွဲ့ဝင် |
| ၈ | Dr;ဇိမ်ညိမ်ဝင်း | ကျန်းမာရေး | ။ |
| ၉ | ဦးငွေလမင်းမြင့် | ဥပဒေ | ။ |

| စဉ် | အမည် | အလုပ်အကိုင် | တာဝန် |
|---|---|---|---|
| ၁၀ | ဦးမြင့်ထွေး | ပညာရေး | ။ |
| ၁၁ | ဒေါ်စန်းစန်းရီ | မြို့နယ်စာရင်းရုံး | ။ |
| ၁၂ | ဦးသိန်းနိုင်ဦး | စိုက်ပျိုးရေး | ။ |
| ၁၃ | ဦးဂျီခေါယိန်း | ပြန်/ဆက် | ။ |
| ၁၄ | ဦးနမ်ဂါထင်အောင် | စည်ပင် | ။ |
| ၁၅ | ဒေါ်ဝါဝါအောင် | ဦးစီးမှူး | အတွင်းရေးမှူး |

**(ခ) မဲပေးပိုင်ခွင့်ရှိသူဦးရေ**

ချီဖွေမြို့နယ်၏ ၂၀၁၅ခုနှစ်တွင် မဲပေးပိုင်ခွင့် ရှိသူ ဦးရေမှာ ကျား (၅၂၄၅) မ(၄၉၂၈) စုစုပေါင်း (၁၀၁၇၃)ဦး ရှိပါသည်။

**( ဂ ) နိုင်ငံရေးပါတီများ**

| စဉ် | ပါတီအမည် | ဥက္ကဋ္ဌ အမည် | အတွင်းရေးမှူး အမည် | ပါတီဝင် အင်အား |
|---|---|---|---|---|
| ၁ | ပြည်ခိုင်ဖြိုး | ဦးဇုန်းတိန့် | ဦးဂျီ ဘောမ်ယိန်း | ၁၈၄၆ |
| ၂ | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး ပါတီ(တဆည) | ဦးလချိဒ် ဇယ်လွန်း | ဦးအမ်ခေါင်ဒေါင် | ၇ |
| ၃ | အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် | ဦးမင်းနိုင် | ဦးတိုက်ဆောင် | ၉ |
| ၄ | ကချင်ပြည်နယ် ဒီမိုကရေစီပါတီ | ဦးခမ်ဒေါင် | ဦးဟုံလုံ ယိန်းဘောမ် | ၂ |
| ၅ | စည်းလုံးညီညွတ်ရေးနှင့် ပါတီစုံ ဒီမိုကရေစီပါတီ | ဦးဇခုန် ယိန်းဆောင် | - | ၁၁ |
| ၆ | ကချင်ဒီမိုကရက်တစ်ပါတီ | ဦးရှော်ဖာ ဇယ်ဟောင်း | - | - |
| ၇ | ကချင်အမျိုးသားဒီမိုကရေစီ ကွန်ကရက် ပါတီ | ဦးလန်း ဘောမ် | - | - |

| စဉ် | ပါတီအမည် | ဥက္ကဋ္ဌ အမည် | အတွင်းရေးမှူး အမည် | ပါတီဝင် အင်အား |
|---|---|---|---|---|
| ၈ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ပါတီ | ဦးအားခီဒါဂူ | - | - |
| ၉ | လော်ဝေါ်အမျိုးသားဖွံ့ဖြိုး တိုးတက်ရေး နှင့်စည်းလုံးညီညွတ်ရေးပါတီ | ဦးလချိတ် ဇယ်ဒေါင် | ဦးဒေါင်ဒိုင် | - |
| ၁၀ | အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ | ဦးရှီးဇော် လွမ်းခေါင် | - | - |

**(ဃ) ရွေးချယ်ခံခဲ့ရသော လွှတ်တော်ကိုယ်စားလှယ်များ**

| စဉ် | လွှတ်တော် ကိုယ်စားလှယ် အမည် | ပါတီ/ တသီးပုဂ္ဂလ အမည် | လွှတ်တော်အမည် |
|---|---|---|---|
| ၁ | ဦးဘီထောဇောင်း | ပြည်ခိုင်ဖြိုး | ပြည်နယ်လွှတ် တော် မဲဆန္ဒနယ် အမှတ်(၁) |
| ၂ | ဦးဇခုန်ယိန်းဆောင် | စဒက | ပြည်နယ်လွှတ် တော် မဲဆန္ဒနယ် အမှတ်(၂) |
| ၃ | ဦးဇုန်းတိန့် | ပြည်ခိုင်ဖြိုး | ပြည်သူ့လွှတ်တော် |
| ၄ | ဦးယောန | တစ်သီးပုဂ္ဂလ | အမျိုးသားလွှတ်တော် |

**အခန်း(၆)**

**စီပွားရေးဆိုင်ရာအချက်အလက်**

**စီးပွားရေးဆိုင်ရာခြုံငုံသုံးသပ်ချက်**

၂၁။ ချီဖွေမြို့နယ်သည် ကချင်ပြည်နယ်အတွင်း တည်ရှိပြီး စီးပွားရေး ဖြိုးတိုးတက်မှု နှေးကွေးသော မြို့နယ်တစ်ခုဖြစ်ပါသည်။ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူလူထုသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင် ဆောင်ရွက်ကြပါသည်။ ချီဖွေမြို့နယ်သည် ဆော့လော်မြို့နှင့် ပန်ဝါမြို့တို့ ဆက်သွယ်သောလမ်းဆုံတွင်တည်ရှိ၍ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့် ကောင်းမွန်သော မြို့နယ်ဖြစ်ပါသည်။ ချီဖွေမြို့နယ်တွင် အဓိက ထွက်ကုန်များမရှိဘဲ စားသောက်ကုန်များကို အခြားမြို့နယ်များနှင့် မြစ်ကြီးနားမြို့မှ တင်သွင်းရသော မြို့ဖြစ်ပါသည်။

## မြေအသုံးချမှု

၂၂။ ချီဖွေမြို့နယ်/ပန်ဝါမြို့၏ မြေအမျိုးအစားအလိုက် အသုံးချထားသည့် ဧကအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

| စဉ် | မြေအမျိုးအစား | ဧရိယာ(ဧက) |
|---|---|---|
| ၁ | လယ်မြေ | ၁၁၃၆ဧက |
| ၂ | ယာမြေ | ၂၇၇၇ဧက |
| ၃ | ကိုင်းကျွန်း/ဥယျာဉ်မြေ | ၃၉၈၂ဧက |
| ၄ | တောင်ယာမြေ | ၁၁၈၈ဧက |
| ၅ | မြေရိုင်းမြေ | ၂၆၈၀ဧက |
| ၆ | လမ်းမြေ | ၅၁၂ဧက |
| ၇ | မြစ်ချောင်း/ရေအောက်မြစ် | ၁၀၀၀၀ဧက |
| ၈ | မြို့မြေ | ၄၂၄ဧက |
| ၉ | ရွာမြေ | ၂၇၃ဧက |
| ၁၀ | သာသနာမြေ | ၁၈၆၀ဧက |
| ၁၁ | ကျန်အခြားမြေ | ၈၂၂၂၈၈ဧက |
| စုစုပေါင်း | | ၈၄၇၄၂၀ဧက |

## ဆည်မြောင်းတာတမံများနှင့် ဆည်ရေသောက်ဧရိယာ

၂၃။ ချီဖွေမြို့နယ်ရှိ ဆည်မြောင်းတာတမံများနှင့် ဆည်ရေသောက်ဧရိယာမှာ အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

### (က) ကိုယ့်အားကိုယ်ကိုးဆည်များ

| စဉ် | ဆည်အမည် | ဆည်အမျိုးအစား | ရေဝင်ဆံ့မှု (ကုဗပေ) | အကျိုးပြုဧက |
|---|---|---|---|---|
| ၁ | မရှိ | | | |

### (ခ) မြစ်ရေတင်စီမံကိန်းများ

| စဉ် | စီမံကိန်းအမည် | တည်နေရာ | အကျိုးပြုဧက | မှတ်ချက် |
|---|---|---|---|---|
| ၁ | မရှိ | | | |

### (ဂ) တာတမံများ/ ရေထိန်းတံခါး

| စဉ် | တာတမံ/ရေထိန်းတံခါး | | | ကာကွယ်သည့် မြစ်/ချောင်း | အကျိုးပြုဧက |
|---|---|---|---|---|---|
| | အမည် | အမျိုးအစား | အ ရှည် (ပေ) | | |
| ၁ | မရှိ | | | | |

## စိုက်ပျိုးရေးလုပ်ငန်း

၂၄။ ချီဖွေမြို့နယ်၏ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### (က) အဓိကသီးနှံ (၁၀)မျိုး စိုက်ပျိုးထုတ်လုပ်မှု

| စဉ် | သီးနှံအမည် | ၂၀၁၆-၂၀၁၇ | ၂၀၁၆-၂၀၁၇ခုနှစ် |
|---|---|---|---|

| | | လျာထားဧက | | စိုက် | ရိတ် | နှုန်း | ထွက် |
|---|---|---|---|---|---|---|---|
| ၁ | စပါး | မိုး | ၁၁၀၉ | ၁၃၁၆ | ၆၅၀ | ၃၅.၀၉ | ၂၂၈၁၀ |
| | | နွေ | - | - | - | - | - |
| ၂ | မြေပဲ | မိုး | - | - | - | - | - |
| | | ဆောင်း | - | - | - | - | - |
| ၃ | နှမ်း | မိုး | ၅၀ | ၅၃ | ၅၀ | ၉.၀၀ | ၄၉၀ |
| | | ဆောင်း | - | - | - | - | - |
| ၄ | နေကြာ | | - | - | - | - | - |
| ၅ | မတ်ပဲ | | - | - | - | - | - |
| ၆ | ပဲတီစိမ်း | မိုး | - | - | - | - | - |
| | | ဆောင်း | - | - | - | - | - |
| ၇ | ပဲစဉ်းငုံ | - | - | - | - | - | - |
| ၈ | ဝါ | - | - | - | - | - | - |
| ၉ | ကြံ | - | - | - | - | - | - |
| ၁၀ | အစေ့ထုတ်ပြောင်း | | ၁၆ | ၁၈ | ၁၈ | ၄၁.၂၂ | ၈၆၈ |

## (ခ) နှစ်ရှည်သီးနှံစိုက်ပျိုးမှုအခြေအနေ

| စဉ် | သီးနှံအမည် | စိုက်ဧက | ရိတ် | နှုန်း | ထွက် |
|---|---|---|---|---|---|
| ၁ | ကော်ဖီ | ၅၂ | - | - | - |
| ၂ | လက်ဖက် | ၁၆၈ | ၁၁၃ | ၃၂၂.၁၂ | ၃၆၄၀၀ |
| ၃ | ရာဘာ | ၁၈ | ၁၈ | ၄၇၅ | ၈၅၅၀ |
| ၄ | သစ်ကြားသီး | ၈၀၀ | ၈၀၀ | ၅၀၀.၇၅ | ၄၀၀၆၀၀ |
| ၅ | လိမ္မော် | ၆၅ | ၆၅ | ၁၇၈၅ | ၁၁၆၀၂၅ |

## (ဂ) အခြားဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု

| စဉ် | သီးနှံအမည် | စိုက်ဧရိယာ | ရိတ် | နှုန်း | ထွက် |
|---|---|---|---|---|---|
| ၁ | ငရုတ် | ၃၇ | ၂၇ | ၅၆၂.၃၃ | ၁၅၁၈၃ |
| ၂ | ဟင်းသီးဟင်းရွက် | ၁၂၀ | ၁၁၅ | - | - |
| ၃ | ဖူးစားပြောင်း | ၇၄ | ၇၄ | ၁၂၅၁၅ | ၉၂၆၁၁၀ |

| | | | | | |
|---|---|---|---|---|---|
| ၄ | ပဲပုတ် | ၁၅ | ၁၅ | ၂၄.၆၇ | ၃၇၀ |
| ၅ | ကျန်အခြားပဲ | ၂၆ | ၂၃ | ၂၉.၅၇ | ၆၈၀ |
| ၆ | ဂျင်း | ၅ | ၅ | ၁၄၄၀ | ၇၂၀၀ |
| ၇ | အာလူး | ၂၅ | ၂၅ | ၂၂၁၁.၂ | ၅၅၂၈၀ |
| ၈ | ပရဆေး | ၈ | - | - | - |
| ၉ | အထွေထွေစားသုံး | ၁၆၄ | - | - | - |
| ၁၀ | အခြားသစ်သီး | ၉၃၆ | ၄၂၅ | - | - |
| ၁၁ | အခြားမစားသုံး | ၆၀၄ | - | - | - |

## (ဃ) လယ်ယာသုံးစက်ကိရိယာ သုံးစွဲမှုအခြေအနေ

| စဉ် | အစိုးရ | | | | | | | ပုဂ္ဂလိက | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | လယ်ထွန်စက် | လက်တွန်း ထွန်စက် | မျိုးစေ့ချ စက် | Combine Havester | ရိတ်သိမ်း စက် | ချွေလှေ့စက် | ရေစုပ် စက် | လယ်ထွန်စက် | လက်တွန်း ထွန်စက် | မျိုးစေ့ချ စက် | Combine Havester | ရိတ်သိမ်းစက် | ချွေလှေ့ စက် | ရေစုပ်စက် |
| ၁ | မရှိ | | | | | | | | | | | | | |

## ( င ) လယ်ယာသုံး ထွန်၊ ထယ်နှင့် ကျွဲ၊ နွားကောင်ရေ

| စဉ် | ထယ် အရေအတွက် | ထွန် အရေအတွက် | ကျွဲနွား ကောင်ရေ | နွား ကောင်ရေ |
|---|---|---|---|---|
| ၁ | ၁ | ၂ | ၃၀၀ | ၅၀ |

## (စ) ဒေသတွင်း ဆန်ဖူလုံမှုရာခိုင်နှုန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၆-၂၀၁၇ခုနှစ် |
|---|---|---|---|
| ၁ | မိုးစပါးစိုက်ဧက | ဧက | ၁၄၁၆ |

| | | | |
|---|---|---|---|
| ၂ | မိုးစပါးအထွက် | တင်း | ၄၈.၀၃ |
| ၃ | မြို့နေလူဦးရေ | ဦး | ၂၀၈၈၁ |
| ၄ | ကျေးလက်နေလူဦးရေ | ဦး | ၁၈၀၃၁ |
| ၅ | မျိုးစပါး | တင်း | ၂၈၃၁ |
| ၆ | အလေအလွင့် | တင်း | ၄၂၄၈ |
| ၇ | ဝမ်းစာစပါး | တင်း | ၃၀၄၆၆၅ |
| ၈ | လိုအပ်ချက်စုစုပေါင်း | တင်း | ၃၁၁၇၄၅ |
| ၉ | ပို/လို(တင်း) | တင်း | (-)၂၄၃၇၃၆ |
| ၁၀ | ဖူလုံမှုရာခိုင်နှုန်း | ရာခိုင်နှုန်း | ၂၁.၈၂% |

**(ဆ) ဆီဖူလုံမှုရာခိုင်နှုန်း**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၆-၂၀၁၇ခုနှစ် |
|---|---|---|---|
| ၁ | ဆီထွက်သီးနှံစိုက်ဧက | ဧက | ၁၉၄ |
| ၂ | ဆီထွက်သီးနှံအထွက် | ပိဿ | ၁၁၃၂၆ |
| ၃ | မြို့နယ်လူဦးရေ | ဦး | ၂၀၈၈၁ |
| ၄ | ဆီထွက်တန် | တန် | ၁၈.၅၀ |
| ၅ | စားသုံးဆီလိုအပ်ချက် | ပိဿာ | ၁၂၅၂၈၆ |
| ၆ | ပို/လို | ပိဿာ | (-)၁၁၃၉၆၀ |
| ၇ | ဖူလုံမှုရာခိုင်နှုန်း | ရာခိုင်နှုန်း | ၉.၀၄% |

## မွေးမြူရေးလုပ်ငန်းများ

၂၅။ ချီဖွေမြို့နယ်၏ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **မွေးမြူရေးဇုန်များ**

| စဉ် | ဇုန်အမည် | ကျွဲ | နွား | ဝက် | သိုး/ ဆိတ် | ကြက် | ဘဲ | ငုံး |
|---|---|---|---|---|---|---|---|---|
| ၁ | မရှိ | | | | | | | |

(ခ) **မြို့နယ်မွေးမြူရေး (ကောင်ရေ)**

| စဉ် | ခုနှစ် | ကျွဲ | | နွား | | ဆိတ် | | ဝက် | | ကြက် | | ဘဲ၊ ငန်း၊ မန်ဒါလီ | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပိုင်ရှင် | ကောင်ရေ | ပိုင်ရှင် | ကောင်ရေ | ပိုင်ရှင် | ကောင်ရေ | ပိုင်ရှင် | ကောင်ရေ | ပိုင်ရှင် | ကောင်ရေ | ပိုင်ရှင် | ကောင်ရေ |
| ၁ | ၂၀၁၆-၂၀၁၇ | ၂၈၂ | ၁၅၅၆ | ၂၇၈ | ၂၀၄၁ | ၈၃ | ၇၁၂ | ၃၄၃ | ၆၈၅၆ | ၅၅၅ | ၃၆၇၂၂ | ၂၁၆ | ၂၆၄၇ |

## (ဂ) မြို့နယ်အသားထုတ်လုပ်မှု(ပိဿာ)

| စဉ် | ခုနှစ် | အမဲသား | ဝက် | ကြက် | ဘဲ | သိုး/ဆိတ် |
|---|---|---|---|---|---|---|
| ၁ | ၂၀၁၅-၂၀၁၆ | ၉၉၉၉ | ၁၀၀၄၉၁ | ၆၂၅၇၅ | ၈၅၅ | ၈၅၅ |
| ၂ | ၂၀၁၆-၂၀၁၇ | ၈၁၉၉ | ၁၀၆၃၂၃ | ၈၁၄၁၂ | ၁၅၀၃ | ၁၁၉၇ |

## (ဃ) မြို့နယ် ကြက်/ ဘဲ/ ငုံး ဥထုတ်လုပ်မှု (လုံး)

| စဉ် | ခုနှစ် | ကြက်ဥ | ဘဲဥ | ငုံးဥ |
|---|---|---|---|---|
| ၁ | ၂၀၁၆ခုနှစ်၊ဒီဇင်ဘာလထိ | - | - | - |

## ( င ) မြို့နယ် နို့ထွက်ပစ္စည်းထုတ်လုပ်မှု

| စဉ် | ခုနှစ် | နို့စားနွား (ကောင်ရေ) | နို့ထွက် (ပိဿာ) |
|---|---|---|---|
| ၁ | မရှိ | | |

## ( စ ) မြို့နယ်ငါး၊ ပုဇွန်မွေးမြူမှု အခြေအနေ

| စဉ် | ခုနှစ် | ငါး | | | ပုဇွန် | | |
|---|---|---|---|---|---|---|---|
| | | အရေအတွက် (ကန်) | ဧက | ထုတ်လုပ်မှု ပိဿာ | အရေအတွက် (ကန်) | ဧက | ထုတ်လုပ်မှု ပိဿာ |

| | |
|---|---|
| ၁ | မရှိ |

**(ဆ) ရေချိုငါးဖမ်းလုပ်ငန်းမှအသားတင်ထုတ်လုပ်မှု(ကန်)**

| စဉ် | မြို့နယ် | ငါး | | | ပုဇွန် | | |
|---|---|---|---|---|---|---|---|
| | | လေလံအရေအတွက် | လုပ်ငန်းအရေအတွက် | ထုတ်လုပ်မှု (တန်) | လေလံအရေအတွက် | လုပ်ငန်းအရေအတွက် | ထုတ်လုပ်မှု (တန်) |
| | ချီဖွေ | မရှိ | | | | | |

**စက်မှုလက်မှုလုပ်ငန်း**

၂၆။ ချီဖွေမြို့နယ်၏ စက်မှုလက်မှုလုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **စက်မှုဇုန်များ**

| စဉ် | စက်မှုဇုန်အမည် | စက်ရုံအမည် | ထုတ်လုပ်သည့်ပစ္စည်းများ |
|---|---|---|---|
| | မရှိ | | |

(ခ) **မြို့နယ်ရှိစက်ရုံများ**

| စဉ် | စက်ရုံအမည် | အမျိုးအစား | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | လုပ်သားအင်အား |
|---|---|---|---|---|---|
| ၁ | မရှိ | | | | |

(ဂ) **မြို့နယ်ရှိအလုပ်ရုံများ**

| စဉ် | အလုပ်ရုံအမည် | အမျိုးအစား | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | လုပ်သားအင်အား |
|---|---|---|---|---|---|
| ၁ | မရှိ | | | | |

(ဃ) **မြို့နယ်ရှိအိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ**

| စဉ် | စက်မှုလက်မှုလုပ်ငန်းအမျိုးအစား | အရေအတွက် | လုပ်သား အင်အား |
|---|---|---|---|
| ၁ | မရှိ | | |

**သစ်တောလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

၂၇။ ချီဖွေမြို့နယ်၏ သစ်တောလုပ်ငန်းနှင့်ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **သစ်တောများ**

| စဉ် | အကြောင်းအရာ | ဧရိယာ(ဧက) | ပေါက်သည့်အပင်များ |
|---|---|---|---|
| ၁ | ကြိုးဝိုင်း | မရှိ | |
| ၂ | ကြိုးပြင် | မရှိ | |

(ခ) **စီးပွါးဖြစ်သစ်စိုက်ပျိုးမှု**

| စဉ် | စိုက်ပျိုးသူ | နိုင်ငံ/ ပုဂ္ဂလိက ပိုင် | စိုက် ဧက | တည်နေရာ | အပင် အမျိုး အစား | အရေ အတွက် |
|---|---|---|---|---|---|---|
| ၁ | မရှိ | | | | | |

(ဂ) **သစ်ထုတ်လုပ်မှု**

| **စဉ်** | **အမျိုးအစား** | **နိုင်ငံ** | **ပုဂ္ဂလိကပိုင်** | **ထုတ်လုပ်မှု(တန်)** |
|---|---|---|---|---|
| ၁ | ကျွန်း | မရှိ | | |
| ၂ | ပျဉ်းကတိုး | ။ | | |
| ၃ | ပိတောက် | ။ | | |
| ၄ | ကညင် | ။ | | |
| ၅ | အင်/အင်ကြင်း | ။ | | |
| ၆ | အခြား | ။ | | |

(ဃ) **သစ်တောထွက်ပစ္စည်းများ**

| **စဉ်** | **ပစ္စည်းအမျိုးအမည်** | **ရေတွက်ပုံ** | **ထုတ်လုပ်မှု** |
|---|---|---|---|
| ၁ | ထင်း | ကုဗတန် | မရှိပါ |
| ၂ | မီးသွေး | ကုဗတန် | ။ |
| ၃ | ဝါး | လုံး | ၁၁ဝဝဝဝ |
| ၄ | ကြိမ် | လုံး | ၁ဝဝဝ |
| ၅ | ရှားစေး | ပိဿာ | မရှိပါ |
| ၆ | သစ်ခေါက် | ပိဿာ | ။ |
| ၇ | သစ်ခွ | ပိဿာ | ။ |
| ၈ | သနပ်ခါး | ပိဿာ | ။ |
| ၉ | ဖါလာစေ့ | ပိဿာ | ။ |
| ၁ဝ | ပျားရည်စသည်ဖြင့် | ပိဿာ | ။ |

**တွင်းထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း**

၂၈။ ချီဖွေမြို့နယ်၏ တွင်းထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း အနေဖြင့် စမ်းသပ်ထုတ်လုပ်လျှက်ရှိပါသည် -

(က) **သတ္တုတူးဖော်ထုတ်လုပ်မှု**

| **စဉ်** | **ဓါတ် သတ္တု အမျိုးအစား** | **ထွက်ရှိသည့်ဒေသ** | **ထုတ်လုပ်မှု ပမာဏ** | **ထုတ်လုပ်မှု တန်ဘိုး (ကျပ်သန်းပေါင်း)** |
|---|---|---|---|---|
| မရှိ | | | | |

(ခ) **ကျောက်မျက်တူးဖော်မှု**

| **စဉ်** | **လုပ်ငန်းတည်နေရာ** | **ကျောက်မျက်ရတနာအမျိုးအစား** | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | **ရွှေ** | **ငွေ** | **ကျောက်စိမ်း** | **နီလာ** | **စိန်** | **ပတ္တမြား** | **ပုလဲ** | **စသည့်** |
| | မရှိ | | | | | | | | |

**စွမ်းအင်/လျှပ်စစ်ကဏ္ဍ**

၂၉။ ချီဖွေမြို့နယ်၏ စွမ်းအင်/လျှပ်စစ်ကဏ္ဍနှင့် ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ရေနံထုတ်လုပ်မှု

| **စဉ်** | **ရေနံတွင်း အမည်** | **နိုင်ငံပိုင်** | **ပုဂ္ဂလိကပိုင်** | **တစ်နှစ်ထွက်ရှိမှု စည်ပေါင်း** |
|---|---|---|---|---|
| | | | | |

| | |
|---|---|
| ၁ | မရှိ |

(ခ) ရေနံချက်စက်ရုံ

| စဉ် | ရေနံချက်စက်ရုံ အမည် | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | တစ်နှစ်ထွက်ရှိမှု စည်ပေါင်း |
|---|---|---|---|---|
| ၁ | မရှိ | | | |

(ဂ) ဓါတ်ဆီ/ဒီဇယ်အရောင်းဆိုင်

| စဉ် | မြို့နယ်/မြို့ | အရောင်းဆိုင်အရေအတွက် | | တစ်ရက်ရောင်းရမှုနှုန်း | |
|---|---|---|---|---|---|
| | | ဓါတ်ဆီ/ ဒီဇယ် | ဓါတ်ငွေ့ | ဓါတ်ဆီ/ ဒီဇယ် (ဂါလံ) | ဓါတ်ငွေ့ (ကုဗတန်) |
| ၁ | ချီဖွေ | - | - | - | - |
| ၂ | ပန်ဝါ | ၁ | - | ၃၀ | - |

(ဃ) သဘာဝဓါတ်ငွေ့ထုတ်လုပ်မှု

| စဉ် | သဘာဝဓါတ်ငွေ့ လုပ်ကွက်/စက်ရုံအမည် | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | တစ်နှစ် ထွက်ရှိမှု ကုဗပေပေါင်း |
|---|---|---|---|---|
| ၁ | မရှိ | | | |

(င) သဘာဝဓါတ်ငွေ့အရောင်းဆိုင်များ

| စဉ် | သဘာဝဓါတ်ငွေ့ ဆိုင်အမည် | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | တစ်နှစ်ရောင်းရ ကုဗပေ ပေါင်း |
|---|---|---|---|---|
| ၁ | မရှိ | | | |

(စ) လျှပ်စစ်ဓါတ်အားထုတ်လုပ်မှု/ရရှိမှု

| စဉ် | စက်ရုံအမည် | စက်ရုံအမျိုးအစား | နိုင်ငံ/ပုဂ္ဂလိကပိုင် | ထုတ်လုပ်မှု (ကီလိုဝပ်) |
|---|---|---|---|---|
| ၁ | ချီဖွေငယ်ရေအား လျှပ်စစ်စက်ရုံ | အလတ်စား | ပုဂ္ဂလိကပိုင် | ၉၉M |
| ၂ | ဆန်းလင်းကုမ္ပဏီ | အသေးစား | ပုဂ္ဂလိကပိုင် | ၃၀KW |

(ဆ) ဓါတ်အားခွဲရုံ

| စဉ် | ဓါတ်အားခွဲရုံအမည် | ထုတ်လွှတ်သည့် ဓါတ်အား(ကီလိုဝပ်) | နိုင်ငံ/ ပုဂ္ဂလိကပိုင် |
|---|---|---|---|
| ၁ | မရှိ | | |

(ဇ) ထရန်စဖော်မာ အရေအတွက်

| စဉ် | ထရန်စဖော်မာအမျိုးအစား | အရေအတွက် | ဖြန့်ဖြူးသည့်ဓါတ်အား |
|---|---|---|---|
| ၁ | 160 KVA | ၁ | ၁၀၀၀ |

(ဈ) လျှပ်စစ်ဓါတ်အားသုံးစွဲမှု

| စဉ် | လိုအပ်သည့် ပမာဏ(ကီလိုဝပ်) | ရရှိသည့်ပမာဏ (ကီလိုဝပ်) | သုံးစွဲသည့် ပမာဏ(ကီလိုဝပ်) | လို/ပို ပမာဏ |
